

နိုင်မျိုးသစ္စာ
(နမ္မတူ)
ချစ်သူသို့ . .
ခံချစ်ဖွဲ့ကဗျာရှိ
Design By
Thant Zaw Thit
2007

## လွမ်းစိတ်ဝေသော ကျောင်းဖွင့်ချိန်

- မုတ်သုံမိုးစက်

မြေသို့သက်၍

ရွက်သစ်နုဝေ

ပင်ထက်ဝေချိန်။

- ရွက်ပင်စိမ်းစို

ညို့ညို့ဆိုင်းဆိုင်း

ရှစ်ခွင်တိုင်းမှာ

လွမ်းစရာကိုဖန်တီးသည် သို့။

- အစိမ်းအဖြူ

ရောင်စုံတူတွေ

ကျောင်းမြေတစ်ခွင်

သက်ဝင်လှုပ်ရှား

ဟိုသွားဒီလာ။

- စိန်ပန်းတွေလည်း (လဲ)

မြေမှာ ကြဲပြန့်

အတိတ်ကန့်လန့်ကာ

ဟိုမှာ တစ်ဖက်

ကျောင်းသွားရက်တွေ

 အောက်မေ့နေမိ

မချိုရင်မှာ ဤချိန်ခါ

အတူလာအတူသွား

ကစားရှင်ပျော်

ကျောင်းသွားဖော်ကို

ရော်ကာမှန်းဆ

တမ်းတမိနေ

ဆွေးမပြေလို့

လွမ်းရရက်တွေ ဝေးပါစေ။

ဝေးရရက်တွေ ပြေးပါစေ။

၈-၇-၁၉၇၉

# သင်္ကေတ

- နေခြည်လွန့်လူး

လင်းရောင်မြူးတော့

အရဏ်ဦးမှန်းသိလိုက်တယ်။

- နေရောင်ကွယ်မြုပ်

အမှောင်အုပ်တော့

မိုးချုပ်ပြီမှန်းသိလိုက်တယ်။

- မတွေ့သလို

နှုတ်မဆိုဘဲ

လူကိုရှောင်ဖယ်

ပုန်းလျှိုးကွယ်တော့

ပျက်ပြယ်နှောင်ထုံး

ချစ်ဆိတ်သုဉ်း၍

သူမုန်းပြီမှန်းသိလိုက်တယ်။ ။

၂၅-၁-၁၉၇၉

## တမင်ခွာမပြေးဘဲ ဝေးရတဲ့ အဖြစ်

- လက်ဂဟေဆွဲကာ

ရက်ရှည်တွဲလာခဲ့ကြပြီး

အကြင်နာပန်းတွေ

ရင်မှာ လန်းစေလို့

မခွဲမခွာဘဲ

အမြဲသာနွဲ့ရမယ်ထင်ခဲ့ပေမယ့်

ဘဝအခြေမပေး၍

မလှအနေဝေးကြရပြီ

သက်သေပြစရာအဖြစ်

မျက်ရည်စသာ ကျန်ရစ်တယ်။ ။

၁၉၇၉

# ငယ်ကျွမ်းသို့အလွမ်း

- အကြောင်းသင့်လို့

ဟောင်းလွင့်ခဲ့အဖြစ်ကလေးများက

အတွေးစမှာ ခိုဝင်လာတော့

ကြင်ဖော်တွေ ငယ်ကျွမ်းသူနဲ့

မြူးပျော်ခဲ့ကလေးဘဝ

လှုပ်ရှားကြပုံသဏ္ဌာန်

မှန်ပြင်မှာ ထင်သကဲ့သို့။

- စိန်ပန်းနီကျောင်းတော်သာ

ဆုံကြရာဒီစခန်း လွမ်းစိတ်ကဖြာ

ကံကြမ္မာအငြိုးအလွန်ဆိုးခဲ့

မိုးမျက်ရည်ရွာ မဖြေသာပြီ။

ဝေဒနာစွေ နွေတစ်ရာအလား။

- မခွာချင်လည်း မမြဲနိုင်ပါ

သည်းခိုင်ညှာ ကမ္ဘာပျက်ရော့ထင့်

ကျွမ်းလင့်သည်းမွှာ လွမ်းဆင့်ကဲဖြာ

လှမ်းလျက်နဲ့ ကွာလေသည် မို့။

- ဘယ်ဘ၀ ၀ဋ်ကြွေး သည် အရေးကြောင့်

ဝေးကြရတို့ နှစ်ဦး

ရည်စူးလက်ဖြာ တောင်းဆုလွှာသည့်

ဤမျှနှင့်သာ ပြေပါစေကြောင်း။

- ဟောင်းလွင့်ခဲ့တဲ့ အဖြစ်ကလေးများကို

ပြောင်းလင့်တဲ့ နှစ်တွေတိုင်းမှာ

သသကာအစဉ်သာလွမ်းမိ

မချိရင်မှာ ။

- သံသရာရယ် တစ်ပတ်ဖန်ရင်ဖြင့်

ပြန်လည်ကာဆုံလာတွေ့ချင်ရဲ့

ဆွေသဟာ တို့ ငယ်ပေါင်းရယ်

အောက်မေ့ခါခါ။ ။

၁၉၇၉

## ချစ်ဦးသူသို့ အမှာ စာ

- အကြောင်းကံမလှလို့
ပေါင်းရန်ဘဝ မရခဲ့ပေမယ့်
တောင်းပန်ပါရစေ ချစ်ဦးသူရေ။

- မဖြစ်နိုင်မှန်း သိပါလျက်နဲ့
အချစ်မဏ္ဍိုင် ပန္နက်ချခဲ့မိတာ
ကြင်နာသူ ကိုယ့်ရဲ့ အမှားရယ်ပါ။

- ဒါကြောင့်လည်း လေ
ဖွေမယူဘူး ချစ်သက်ဦးကို
ရည်စူးခဲ့သမျှ ပျက်ကြွေပေမယ့်
မျက်ရည်ဝေရင်း အံကိုတင်းလျက်
နှုတ်ဆက်လက်ပြ ကျန်ရစ်မယ်။

- ရင်ခွင်သစ်မှာ ကြင်နာနေသူရယ်

အယူခံမဝင်လိုတော့ပြီမို့

ပျော်ရွှင်စရာ ဘဝလေးထဲမှာ

ချမ်းမြေ့သာယာစွာနဲ့

နင်. . . ထာဝရနေနိုင်ပါစေလေ။ ။

၂၅-၇-၁၉၈၁

## ကျန်ရစ်သမားရဲ့ ရင်ဖွင့်သံ

- မပြောလိုပါ

နောက်ရွှေကြာကို

ပိုမွှေးတယ်လို့ ထင်ခဲ့လျှင်။

- မတားလိုပါ

နောက်မေတ္တာကို

ပိုကြင်နာတယ်ထင်ခဲ့လျှင်။

- မပြည့်တ်ပါ

နောက်နှုတ်လွှာကို

ပိုသာယာတယ်ထင်ခဲ့လျှင်။

- ချစ်သူရေ. . .

အသစ်ရှာသူက

ပစ်ခွာနိုင်ခဲ့ပေမယ့်လည်း

သစ္စာတည်သူမှာ တော့

ချစ်နေမိတာ ထာဝရအစဉ်။ ။

၁၉၈၁